ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရုံးခွန်တံဆိပ်ခေါင်း
၁၀၀ကျပ် K 100

တရားမဆိုင်ရာ (စီရင်ချက်ပုံစံ) ၁၇။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်

# ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

## ၂၀၁၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၃၃

မစ္စတာစယ်ရီဆုံ(မ်)ဘွန်ဆက်ကာဒီကူလ် MR. SERISOMBOONSAKDIKUL နှင့် GRAND WYNN MANUFACTURING LTD (၎င်း၏ကိုယ်စားဒါရိုက်တာအဖွဲ့ဝင် ဦးအယ်လ်မိန်းဒိန်း)

တရားလို — တရားပြိုင်

တရားလိုအတွက် - ဦးလှရွှေ၊ တရားလွှတ်တော်ရှေ့နေ

တရားပြိုင်အတွက် - ဦးသန်းစိုး၊ တရားလွှတ်တော်ရှေ့နေ

### ပဏာမငြင်းချက်အပေါ် ချမှတ်သည့်အမိန့်

ရက်စွဲ။ ၂၀၁၈ ခုနှစ် မတ်လ ၂၉ ရက်

အမှုမှာ တရားလိုက တရားပြိုင်အပေါ် ‘ တရားပြိုင်ကုမ္ပဏီက မှတ်ပုံတင်ထားသော ၁-၁၁-၂၀၀၆ ရက်စွဲပါ မှတ်ပုံတင်စာချုပ်အမှတ် ၄/၇၇၄၁ ကို ပယ်ဖျက်ပေးစေလိုမှုနှင့် နစ်နာကြေး အမေရိကန်ဒေါ်လာ ၃၅၀၀၀၀၀ (သုံးဆယ့်ငါးသိန်း)ရလိုမှု ’ စွဲဆိုခြင်းဖြစ်သည်။

အမှုတွင် အဆိုအချေအရ မူလထုတ်ခဲ့သော ငြင်းချက်နှင့် တရားမကျင့်ထုံးဥပဒေ အမိန့် ၁၄၊ နည်း ၅(၁)အရ ပြင်ဆင်ထုတ်ခဲ့သော ငြင်းချက်များအနက် အောက်ပါငြင်းချက်တို့ကို ပဏာမ ငြင်းချက်အဖြစ် ဦးစွာကြားနာ အမိန့်ချမှတ်ရန်ဖြစ်သည်။

တာဝန်ခံမိတ္တူမှန်
စစ်ဆေးပြီးမှန်ကန်ကြောင်း
တာဝန်ယူသည်။

**ငြင်းချက်**

(၁) တရားလိုစွဲဆိုမှုသည် ကာလစည်းကမ်းသတ်ကျော်လွန်နေသည်ဆိုခြင်း မှန်သလား။

(၂) တရားလိုသည် S.C Artistry Co.,Ltd. ၏ LOANE ကုန်အမှတ်တံဆိပ်နှင့်စပ်လျဉ်း၍ တရားပြိုင်အပေါ် လူပုဂ္ဂိုလ်အားဖြင့် တရားစွဲဆိုခွင့်မရှိဆိုခြင်း မှန်သလား။

(၃) တရားလိုသည် တရားပြိုင်အပေါ် တရားစွဲဆိုရန်အကြောင်း ပေါ်ပေါက်မှုမရှိဆိုသည် မှာ မှန်သလား။

ငြင်းချက်များနှင့်စပ်လျဉ်း၍ နှစ်ဖက်လျှောက်လဲ ကြားနာခဲ့သည်။

တရားလို၏တရားလွှတ်တော်ရှေ့နေက ပဏာမငြင်းချက်တို့အပေါ် လျှောက်လဲတင်ပြရာ၌ တရားလိုသည် ထိုင်းနိုင်ငံသားတစ်ဦးဖြစ်ပြီး၊ ထိုင်းနိုင်ငံတွင် အခြေတကျနေထိုင်သူဖြစ်သည်မှာ အငြင်းမပွားပါကြောင်း၊ ထို့ကြောင့် တရားပြိုင်ကုမ္ပဏီအနေဖြင့် LOANE ကုန်အမှတ်တံဆိပ်ကို မြန်မာ နိုင်ငံတွင် မှတ်ပုံတင်သွင်းခြင်းအား မည်သို့မျှသိရှိနိုင်မည်မဟုတ်ပါကြောင်း၊ ပစ္စည်းလွှဲပြောင်းခြင်းဥပဒေ ပုဒ်မ ၃ ၏ ရှင်းလင်းချက်(၁)အရ မှတ်ပုံတင်ခြင်းသည် ကြားသိခြင်းဟူသောဥပဒေသမှာ မရွှေ့မပြောင်း နိုင်သောပစ္စည်းနှင့်သာ အကျုံးဝင်သက်ဆိုင်ပါကြောင်း၊ ယခုအမှုမှာ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်း

အခွင့်ရအရာရှိ
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

တစ်ရပ်ရပ်ကို အခြေပြု၍စွဲဆိုသော အမှုမဟုတ်ပါကြောင်း၊ တရားပြိုင်ကုမ္ပဏီဖြစ်သော Grand Wynn Manufacturing Ltd. သည် ဤရုံးတော်၌ပင် (၂)တရားလိုအဖြစ် တရားမကြီးမှုအမှတ် ၆၇/၂၀၁၄ ဖြင့် S.C Artistry Co.,Ltd. အပေါ် စွဲဆိုထားရာ ကြားနာလျှက်ရှိပါကြောင်း၊ ထို့ကြောင့် သမ္မာန်စာကို S.C Artistry Co.,Ltd.က(၂၆-၃-၂၀၁၅)ရက်နေ့တွင် ထိုင်းနိုင်ငံBangkok မြို့တွင် လက်ခံရရှိခဲ့သည်မှာ တွေ့နိုင်ပါကြောင်း၊ ထိုအခါမှ အမိန့် ၁၁၊နည်း ၁၅ အရ အဆိုလွှာနှင့်ပူးတွဲ၍ အားကိုးအားထားပြု စာရွက်စာတမ်းများကို ကြည့်ရှုစစ်ဆေး၍ မိတ္တူကူးယူခွင့်တောင်းခံရာမှ ယခုအမှု တရားပြိုင်ကုမ္ပဏီသည် LOANE ကုန်အမှတ်တံဆိပ်ကို မူပိုင်ဖြစ်သည်ဟုဆိုကာ (၁-၁၁-၂၀၀၆)ရက်နေ့၌ မှတ်ပုံတင်စာချုပ်အမှတ် ၄/၇၇၄၁ဖြင့် မှတ်ပုံတင်ထားကြောင်းကို သိရှိခဲ့ခြင်းဖြစ်သဖြင့် တရားစွဲဆိုရန်အကြောင်းသည် ၂၆-၃-၂၀၁၅ ရက်နေ့မှစတင်၍ လည်းကောင်း၊ (၁၂-၆-၂၀၁၅)ရက်နေ့ နောက်ပိုင်းတွင်မှ လည်းကောင်း ပေါ်ပေါက်ပါကြောင်း၊ ကာလစည်းကမ်းသတ် ဥပဒေပထမဇယား အမှတ်စဉ် ၉၁ ပါ (၃)နှစ်ကာလအတွင်း ကျရောက်ပါကြောင်း၊ ထို့ပြင် တရားလို၏ ရှေ့နေများမှတစ်ဆင့် တရားပြိုင်ကုမ္ပဏီသို့ ၁၃-၃-၂၀၁၆ ရက်နေ့ နောက်ဆုံးထား၍ နစ်နာကြေးငွေ အမေရိကန်ဒေါ်လာ (၃၅၀၀၀၀၀)ကို တစ်လုံးတစ်ခဲတည်းပေးဆောင်ရန် အကြောင်းကြားစာ ပေးပို့တောင်းဆိုသည်ကို လိုက်နာဆောင်ရွက်ခြင်းမပြုသဖြင့် (၁၄-၃-၂၀၁၆)ရက်နေ့နှင့် ယင်းနေ့ နောက်ပိုင်းတွင် စွဲဆိုရန်အကြောင်းပေါ်ပေါက်၍ ကာလစည်းကမ်းသတ်အတွင်း ကျရောက်လျှက်ရှိပါကြောင်း၊ တရားလိုသည် LOANE ကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ် ၂၉၈၉/၁၉၉၉ ဖြင့် မှတ်ပုံတင်ခဲ့ပြီး၊စဉ်ဆက်မပြတ် ၂၀၀၂/၂၀၀၆၊၂၀၀၉/၂၀၁၂၊၂၀၁၅တို့တွင် မစ္စတာစယ်ရီဆုံ(မ်)ဘွန်းဆက်ကာဒီကူလ် အမည်ဖြင့် မှတ်ပုံတင်သွင်းထားပါကြောင်း၊ ကုန်အမှတ်တံဆိပ်ကို တရားလိုက လူပုဂ္ဂိုလ်အားဖြင့် မှတ်ပုံတင်ထားခြင်းမဟုတ်ကြောင်း၊ တရားပြိုင်၏ချေပလွှာ၌ ထည့်သွင်းချေပခဲ့ခြင်းမရှိပါကြောင်း၊ တရားလိုသည် LOANE ကုန်အမှတ်တံဆိပ်ကို တရားဝင်ပိုင်ဆိုင်သူဖြစ်၍ ထိခိုက်နစ်နာမှုအတွက် ကုန်အမှတ်တံဆိပ်ကို ပိုင်ဆိုင်ခြင်းမရှိသော တရားပြိုင်ကုမ္ပဏီ အပေါ်တွင်သာမက အခြားမည်သူ အပေါ်၌မဆို တရားစွဲဆိုခွင့်ရှိပါကြောင်း၊ လူပုဂ္ဂိုလ်အားဖြင့် တရားလိုပြုလုပ်၍ တရားစွဲဆိုရန်မှတစ်ပါး အခြားမရှိပါကြောင်း၊ မြန်မာနိုင်ငံသည် မော်ရိုကိုနိုင်ငံ မာရကရှိသဘောတူညီချက်အရ တည်ထောင်ထားသော ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့သဖြင့် မြန်မာနိုင်ငံ TRIPS သဘောတူညီချက်ပါ ပြဋ္ဌာန်းချက်နှင့်အညီ LOANE ကုန်အမှတ်တံဆိပ်၏ပိုင်ရှင်က မြန်မာနိုင်ငံ၏ ကာကွယ်စောင့်ရှောက်ခြင်းကို ခံစားရရှိနိုင်ပါကြောင်း၊ Trips Agreement တွင် ပဋိညာဉ်အဖွဲ့ဝင်ဖြစ်သော ယိုးဒယားနိုင်ငံ၏ နိုင်ငံသားဖြစ်သော ယခုတရားလိုအား မြန်မာနိုင်ငံတော်အစိုးရသည် မြန်မာနိုင်ငံသားများကို ပေးအပ်သည့် ခံစားခွင့်အတိုင်း ခံစားခွင့်ပေးအပ်ရမည် ဖြစ်ပါကြောင်း၊ (၁၉၈၈)ခုနှစ်မှစပြီး LOANE ကုန်အမှတ်တံဆိပ်ကို တရားလိုက ၎င်း၏အမည်ဖြင့် မှတ်ပုံတင်ထားရာ တရားပြိုင်မှတ်ပုံတင်သည့် (၂၀၀၆)ခုနှစ်ထက်ပို၍ စောစီးစွာမှတ်ပုံတင်ထားခြင်းဖြစ်ပါကြောင်း၊မရိုးသားသောသဘောဖြင့်မှတ်ပုံတင်ထားသော တရားပြိုင်၏ မှတ်ပုံတင်စာချုပ်ကို တရားလိုက မြန်မာနိုင်ငံတရားရုံးတွင် ကာလစည်းကမ်းသတ် မသတ်မှတ်ဘဲ စွဲဆိုခွင့်ရှိပါကြောင်း၊ ပဏာမကောက်ချက်(၂)နှင့်စပ်လျဉ်း၍ တရားပြိုင်ကုမ္ပဏီသည် LOANE ကုန်အမှတ်တံဆိပ်ကို (၁-၁၁-၂၀၀၆)တွင် မှတ်ပုံတင်စာချုပ်အမှတ် ၄/၇၇၄၁ အရ မှတ်ပုံတင်ထားသည်မှာ အငြင်းမပွားသဖြင့် တရားလိုသည်လည်းကောင်း၊S.C Artistry Co.,Ltd.သည်လည်းကောင်း၊တရားပြိုင်ကုမ္ပဏီအား တရားစွဲဆိုနိုင်ပါကြောင်း၊ Grand Wynn Manufacturing Ltd. သည် တရားလိုနှင့် သော်လည်းကောင်း၊S.C Artistry Co.,Ltd. နှင့်သော်လည်းကောင်း၊ LOANE ကုန်အမှတ်တံဆိပ်နှင့် ပတ်သက်၍ တစ်စုံတစ်ရာ ပတ်သက်ဆက်နွယ် သက်ဆိုင်ခြင်းမရှိပါကြောင်း၊ တရားမကြီးမှုအမှတ် ၆၇/၂၀၁၄ ကို စွဲဆိုခြင်းနှင့် တရားလိုပိုင် LOANE ကုန်အမှတ်တံဆိပ်ကို တရားလိုအား အသိပေးခြင်း၊ တရားလို၏ သဘောတူခွင့်ပြုချက် ရယူခြင်းမရှိဘဲ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ စာချုပ်အမှတ် ၄/၇၇၄၁ အရ မှတ်ပုံတင်ခြင်းသည် တရားလို၏ပိုင်ဆိုင်ခွင့် အခွင့်အရေးကို ထိပါးသောကြောင့် နစ်နာကြေး

တာဝန်ခံမိတ္တူမှန်
စစ်ဆေးပြီးမှန်ကန်ကြောင်း
တာဝန်ယူသည်။

အခွင့်ရအရာရှိ
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

တောင်းဆိုသော မိမိ၏အခွင့်အရေးကို **အထောက်**အခံအဖြစ် သက်သေထင်ရှားပြရန် လိုအပ်ပါကြောင်း၊ **ဦးညွန့်သိန်း ပါ ၅ နှင့် ဒေါ်အေဒါစန်းမောင်** (၁၉၉၅၊ မတစ၊ စာ - ၅၄) စီရင်ထုံးအရ တရားစွဲဆိုရန်အကြောင်း(Cause of action)ပေါ်ပေါက်ပါကြောင်း၊ ရန်ကုန်အနောက်ပိုင်း ခရိုင်တရားရုံးတွင် မစ္စတာ စယ်ရီဆို(မ်)ဘွန်းဆက်ကာဒီကူ(လ်)က Grand Wynn Enterprises Ltd. အပေါ် '၁၀-၃-၁၉၉၇ နေ့စွဲပါ စာချုပ်အမှတ် IV-1225/1997 အား ပယ်ဖျက်ပေးစေလိုမှုနှင့် အမြဲတမ်းတားဝရမ်းရလိုမှု' ကို တရားမကြီးမှုအမှတ် ၁၈၆/၂၀၁၄ ဖြင့်စွဲဆိုရာ LOANE ကုန်အမှတ်တံဆိပ်ကို (၁-၁၁-၂၀၀၆)ရက်နေ့တွင် မှတ်ပုံတင်စာချုပ်အမှတ် ၄/၇၇၄၁ ဖြင့် မှတ်ပုံတင်ထားကြောင်းကို လုံးဝချေပခဲ့ခြင်းမရှိဘဲ ဖုံးကွယ်ထားပါကြောင်း၊ ယခုတရားပြိုင်ကုမ္ပဏီက မှတ်ပုံတင်ထားကြောင်း မည်သို့မျှ သိရှိနိုင်မည်မဟုတ်ပါကြောင်း၊ တရားမကြီးမှုအမှတ် ၁၈၆/၂၀၁၄ အမှုတို့သည် အမှုသည်များမတူညီခြင်း၊ ဥပဒေပြဿနာများ တူညီမှုမရှိသည့်အပြင် အကြောင်းခြင်းရာ ပြဿနာများလည်း တူညီခြင်းမရှိသဖြင့် တရားမကျင့်ထုံးဥပဒေ အမိန့် ၁၊ နည်း ၃ အရ တစ်မှုတည်းတွင် ပူးတွဲ၍စွဲဆိုမရပါကြောင်း၊ တရားမကျင့်ထုံးဥပဒေ အမိန့် ၂၊ နည်း ၂ အရလည်း ယခုအမှုတရားပြိုင်အပေါ် တရားစွဲဆိုခွင့်ကို ပိတ်ပင်ထားခြင်းမရှိပါကြောင်း၊ ပဏာမငြင်းချက်(၃)ရပ်ကို တရားလိုဘက်သို့ အသာပေးဖြေဆိုပေးပါရန် လျှောက်လဲတင်ပြသည်။

တရားပြိုင်၏တရားလွှတ်တော်ရှေ့နေက လျှောက်လဲတင်ပြရာတွင် အမှု၌ တရားလိုက ပယ်ဖျက်ပေးစေလိုသော (၁-၁၁-၂၀၀၆)ရက်စွဲပါ မှတ်ပုံတင်စာချုပ်အမှတ် ၄/၇၇၄၁ အား တရားပြိုင်ကုမ္ပဏီက မှတ်ပုံတင်သွင်းပြုလုပ်ထားကြောင်းကို (၁၂-၆-၂၀၁၅)ရက်နေ့တွင်မှ သိရှိရကြောင်း အဆိုပြုလာခြင်းအပေါ် တရားပြိုင်ဘက်မှ အခြားချေပချက်များအပြင် တရားပြိုင်သည် S.C Artistry Co.,Ltd. က တရားဝင်ပေးပို့ရောင်းချသော အလှကုန်ပစ္စည်းကုန်ကြမ်း (အရည်)များကိုအသုံးပြု၍ G.W.E LOANE အမှတ်တံဆိပ်ဖြင့် အလှကုန်ပစ္စည်းများကို မြန်မာနိုင်ငံဈေးကွက်အတွင်း ထုတ်လုပ်ရောင်းချနေခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံဈေးကွက်အတွက် သီးသန့်ထုတ်လုပ်ထားခြင်းဖြစ်ပြီး၊ G.W.E LOANE အမှတ်တံဆိပ် စတေကာများကပ်နှိပ်ထားကြောင်း ထောက်ခံချက်(၁)စောင်ကို ၂၀၀၅ ခုနှစ်ကတည်းက တရားဝင်ပေးအပ်ခဲ့ပြီးဖြစ်ပါကြောင်း၊ G.W.E LOANE အမှတ်တံဆိပ်ကို တရားပြိုင်က မှတ်ပုံတင်စာချုပ်အမှတ် ၄/၇၇၄၁/၂၀၀၆ အရ မှတ်ပုံတင်သွင်းထားခြင်းဖြစ်သည်ဟု ချေပထားပါကြောင်း၊ ထို့ပြင် တရားလိုသည် တရားပြိုင်ကုမ္ပဏီအပေါ် ယင်းမှတ်ပုံတင်စာချုပ်အား ပယ်ဖျက်ပေးစေရန် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၈၆/၂၀၁၄ အမှုကို (၁၉-၅-၂၀၁၄)နေ့ ကတည်းက စွဲဆိုထားခဲ့ပြီးဖြစ်ပါကြောင်း၊ တရားမကြီးမှုအမှတ် ၆၇/၂၀၁၄ အမှုစွဲဆိုသည့်အချိန်မှ သိရှိရပါသည်ဆိုခြင်းမမှန်ကြောင်း၊ ဖျက်သိမ်းပေးစေလိုသော ကုန်အမှတ်တံဆိပ်မှတ်ပုံတင်စာချုပ်သည် ၁-၁၁-၂၀၀၆ ရက်နေ့စွဲဖြင့် မှတ်ပုံတင်သွင်းထားသော စာချုပ်ဖြစ်ပါကြောင်း၊ မှတ်ပုံတင်သွင်းခြင်းသည် လူအများကို ကြားသိစေခြင်းဖြစ်သည်ဟု အဓိပ္ပါယ်ဖွင့်ဆိုပြီး **အာဘက် နှင့် မီနီဆင်း** (AIR. 1929- ရန်ကုန်၊ စာ-၃၄) **အင်ပီးရီးရဲယ်လ်ဘက် နှင့် ဦးရဲကျော်သူကုမ္ပဏီ** (ရန်ကုန်စီရင်ထုံး အတွဲ(၁)၊ စာ-၆၃၇)အမှုများတွင် ထုံးဖွဲ့ထားပါကြောင်း၊ သို့ဖြစ်ရာ တရားလိုသည် ၁-၁၁-၂၀၀၆ ရက်နေ့ကတည်းက တရားဝင်မှတ်ပုံတင်သွင်းထားသောစာချုပ်ကို ယခုအမှုဖြင့် ၁၅-၃-၂၀၁၆ ရက်နေ့တွင်မှ ဖျက်သိမ်းပေးစေရန် စွဲဆိုလာခြင်းမှာ ကာလစည်းကမ်းသတ် အချိန်များစွာကျော်လွန်နေပြီ ဖြစ်ပါကြောင်း၊ ကာလစည်းကမ်းသတ်ဥပဒေ ဇယားအပိုဒ်(၉၁)အရ (၃)နှစ်အတွင်း စွဲဆိုရမည်ဖြစ်ပါကြောင်း၊ ငြင်းချက်(၂)နှင့်စပ်လျဉ်း၍ ကုန်အမှတ်တံဆိပ်တစ်ခုကို ပိုင်ဆိုင်နိုင်ရန်အတွက် ယင်းကုန်အမှတ်တံဆိပ်အား အသုံးပြုရန် လိုအပ်ပါကြောင်း၊ ကုန်အမှတ်တံဆိပ်ပိုင်ဆိုင်မှုကို မှတ်ပုံတင်ခြင်းဖြင့်မရရှိနိုင်ဘဲ အသုံးပြုခြင်းဖြစ်သာ ရရှိနိုင်သည်ကို (၁၉၆၂၊ မတစ၊ စာ ၁၈၇)အမှုတွင် 'ကုန်အမှတ်တံဆိပ်ကို တစ်ဦးတစ်ယောက်က မှတ်ပုံတင်ခြင်းသည် မည်သည့်နေ့မှစ၍ မိမိကုန်တံဆိပ်အဖြစ် တောင်းဆိုရန်ရည်ရွယ်ကြောင်း ဆုံးဖြတ်ရန်အလို့ငှါ စပ်ဆိုင်သော အချက်ဖြစ်သော်လည်း၊ ထိုအချက်သက်သက်အရ ထိုကုန်တံဆိပ်ကို ပိုင်ဆိုင်ခွင့်ရှိစေမည်မဟုတ်' ဟူ၍ လမ်းညွှန်ထုံးဖွဲ့ပါကြောင်း၊ တရားလိုက ၎င်း၏အဆိုလွှာအပိုဒ်(၁)၌ LOANE ကုန်အမှတ်တံဆိပ်ကို

တာဝန်ခံမိတ္တူမှန်
စစ်ဆေးပြီးမှန်ကန်ကြောင်း
တာဝန်ယူသည်။

အခွင့်ရအရာရှိ
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

၎င်းကိုယ်တိုင်တီထွင်ပြီး မှတ်ပုံတင်သွင်းခဲ့ကြောင်း အဆိုပြုသော်လည်း ယင်းကုန်အမှတ်တံဆိပ်ကို အသုံးပြု၍ အလှကုန်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးနေသူသည် S.C Artistry Co.,Ltd. သာဖြစ်သည်ဟု အတိအလင်းဖော်ပြ အဆိုပြုထားပါကြောင်း၊ ၎င်းပြင် G.W.E LOANE အမှတ်တံဆိပ်ဖြင့် ငါးနှင့်ပုဇွန်နှစ်ကောင်ရုပ်ပုံပါ ရွှေရောင်စတေကာပါရှိသော အမှတ်တံဆိပ်ဖြင့် မြန်မာနိုင်ငံဈေးကွက်အတွက် သီးသန့်ထုတ်လုပ်ရောင်းချခွင့်ပြုခဲ့သည်မှာ S.C Artistry Co.,Ltd. သာဖြစ်ပါကြောင်း၊ သို့ဖြစ်ရာ LOANE ကုန်အမှတ်တံဆိပ်သည် တရားလို၏ မူပိုင်ကုန်အမှတ်တံဆိပ်အဖြစ် မှတ်ပုံတင်သွင်းထားသည့်တိုင်အောင် အလှကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချနေသူသည် S.C Artistry Co.,Ltd. ဖြစ်ကြောင်း အငြင်းမပွားသည့်အခြေအနေတွင် တရားစွဲဆိုရန် အခွင့်အရေးမရှိဘဲ စွဲဆိုထားသည်မှာ မြင်သာပါကြောင်း၊ **မသန်း နှင့် ဦးချစ်ဆွေ** (၁၉၆၁၊ မတစ(တရားလွှတ်တော်ချုပ်)၊ စာ-၁၃၆) အမှုတွင် 'ကုန်အမှတ်တံဆိပ်များကို ကုန်ထုတ်လုပ်သူတစ်ဦးသာလျှင် ပိုင်ဆိုင်သုံးစွဲခွင့်ရှိကြောင်း၊ ယင်းပိုင်ဆိုင်သုံးစွဲခွင့်၊ အခြားသူတစ်ဦးသို့ လွှဲပြောင်းခွင့်၊ ပိုင်ရှင်သေဆုံးသည့်အခါ ဆက်ခံပိုင်ခွင့်ရှိကြောင်း' လမ်းညွှန်ထုံးဖွဲ့ထားပါကြောင်း၊ သို့ပါ၍ ငြင်းချက်(၂)ကို တရားပြိုင်ဘက်သို့ အသာပေးဖြေဆိုဆုံးဖြတ်ရန် တင်ပြသည်။ တရားလိုက ပယ်ဖျက်ပေးစေလိုသော မှတ်ပုံတင်စာချုပ်အမှတ် ၄/၇၇၄၁ သည် LOANE ကုန်အမှတ်တံဆိပ်မဟုတ်ဘဲ G.W.E LOANE အမှတ်တံဆိပ်ဖြစ်ပါကြောင်း၊အဆိုပါ G.W.E LOANE အမှတ်တံဆိပ်ဖြင့် ငါးနှင့် ပုဇွန်နှစ်ကောင်ရုပ်ပုံပါ ရွှေရောင်စတေကာပါရှိသော ကုန်အမှတ်တံဆိပ်ကို အသုံးပြု၍ မြန်မာနိုင်ငံဈေးကွက်အတွက် တရားပြိုင်ကုမ္ပဏီက ထုတ်လုပ်ဖြန့်ဖြူးရောင်းချမှုအပေါ်အသိအမှတ်ပြုကြောင်း ထောက်ခံချက် တစ်စောင်ကို S.C Artistry Co.,Ltd. က ပေးအပ်ထားပြီးဖြစ်သည်ကို အကြောင်းပြု၍ စွဲဆိုရန်အကြောင်း ပေါ်ပေါက်မည်မဟုတ်ပါကြောင်း၊ သို့ပါ၍ ပဏာမငြင်းချက်များအား တရားပြိုင်ဘက်သို့ အသာပေးဖြေဆိုပေးပါရန် လျှောက်လဲတင်ပြသည်။

တာဝန်ခံမိတ္တူမှန်
စစ်ဆေးပြီးမှန်ကန်ကြောင်း
တာဝန်ယူသည်

တရားလိုက အဆိုလွှာတွင် ၎င်းသည် ထိုင်းနိုင်ငံ၌ အခြေတကျနေထိုင်သော ထိုင်းနိုင်ငံသားဖြစ်ကြောင်း၊ အလှကုန်ပစ္စည်းများကို LOANE ကုန်အမှတ်တံဆိပ်ဖြင့် ထိုင်းနိုင်ငံတွင် ၁၉၈၈ ခုနှစ်ကလည်းကောင်း၊ လာအို၊ ကမ္ဘောဒီးယား၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့တွင် ၁၉၉၅ ခုနှစ်က လည်းကောင်း၊ မိမိကိုယ်တိုင်တီထွင်ပြီး ကိုယ်ပိုင်အဖြစ် မှတ်ပုံတင်ခဲ့ကြောင်း၊ တရားလိုသည် S.C Artistry Co.,Ltd. တွင် အစုရှယ်ယာအများဆုံး ထည့်ဝင်ကာ ပိုင်ဆိုင်သူဖြစ်ကြောင်း၊ တရားလိုသည် တရားပြိုင်ကုမ္ပဏီအား LOANE ကုန်အမှတ်တံဆိပ်ကို မူပိုင်အဖြစ် အသုံးပြုရန်၊ မှတ်ပုံတင်ရန် တစ်ကြိမ်တစ်ခါမျှ အခွင့်အာဏာ ပေးအပ်ခြင်းမရှိပါကြောင်း၊ သဘောတူညီချက်လည်း မရှိပါကြောင်း၊ S.C Artistry Co., Ltd. မှ ထုတ်လုပ်သည့် LOANE အလှကုန်ပစ္စည်းများကို ၁၉၉၄ ခုနှစ်၊ ဩဂုတ်လမှစ၍ မြန်မာနိုင်ငံအတွင်း ဖြန့်ဖြူးရောင်းချရန် မြန်မာနိုင်ငံနှင့် အဆက်အသွယ်ရှိသူ ထိုင်းနိုင်ငံသား ဦးအောင်ပရတန် အဆက်အသွယ်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ရန်ကုန်မြို့ရှိ ကုမ္ပဏီမှတ်ပုံတင်အမှတ် ၆၆၃/၁၉၉၀-၉၁ ဖြင့် တည်ထောင်ထားသော Grand Wynn Enterprise Limited အား တရားလို၏ ကုမ္ပဏီဖြစ်သော S.C Artistry Co.,Ltd. မှ LOANE အလှကုန်ပစ္စည်းများကို တရားဝင် အရောင်းကိုယ်စားလှယ်အဖြစ် ဖြန့်ဖြူးရောင်းချရန် ၂၂-၈-၁၉၉၅ ရက်စွဲဖြင့် ကိုယ်စားလှယ်စာချုပ် ချုပ်ဆိုပြီး ၉-၁၀-၂၀၁၃ အထိ ဖြန့်ဖြူးရောင်းချစေခဲ့ကြောင်း၊ တရားလိုသည် LOANE ကုန်အမှတ်တံဆိပ်ကို ၅-၈-၉၉ နေ့မှစ၍ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်စာချုပ်အမှတ် ၂၉၈၉/၁၉၉၉ ဖြင့်မှတ်ပုံတင်ပြီး၊ ၃၀-၃-၂၀၁၅ နေ့အထိ စဉ်ဆက်မပြတ် မှတ်ပုံတင်လုပ်ဆောင်ခဲ့ကြောင်း၊ ထိုသို့ မြန်မာနိုင်ငံအတွင်း ၁၉၉၄ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ အနှစ်(၂၀)ကာလတစ်လျှောက် မှတ်ပုံတင်ပြီး၊ ယခုတရားပြိုင်ကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာဖြစ်သူ ဦးလှဝင်းကိုယ်တိုင် တည်ထောင်ထားသော Grand Wynn Enterprise Ltd နှင့် ၂၂-၈-၁၉၉၅ တွင်(Contract of Business Agency)စာချုပ်ကို လည်းကောင်း၊၆-၉-၉၉၊ ၁၀-၇-၂၀၀၈၊ ၅-၁-၂၀၁၁ နေ့တို့တွင် သဘောတူစာချုပ်အသီးသီးတို့ကို လည်းကောင်း ချုပ်ဆိုခဲ့ကြောင်း၊ ယင်းစာချုပ်များတွင် ယခုတရားပြိုင်ဖြစ်သော Grand Wynn Manufacturing Ltd. ပါဝင်ခြင်း၊ သဘောတူစာချုပ်

အခွင့်ရအရာရှိ
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

ခြင်းမရှိပါကြောင်း၊သို့ဖြစ်၍ ၁-၁၁-၂၀၀၆ ရက်စွဲပါမှတ်ပုံတင်စာချုပ်အမှတ် ၄/၇၇၄၁ ကို တရားပြိုင်က မူပိုင်အဖြစ် မှတ်ပုံတင်ခဲ့ခြင်းကို တရားလိုအနေဖြင့် လုံးဝသိရှိခဲ့ခြင်း မရှိပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တွင် တရားမကြီးမှုအမှတ် ၆၇/၂၀၁၄ ဖြင့် S.C Artistry Co.,Ltd. အပေါ် တရားပြိုင်ကုမ္ပဏီတို့က နစ်နာကြေးငွေရလိုမှုနှင့် G.W.E LOANE အမှတ်တံဆိပ်ပါအလှကုန်ပစ္စည်းများကို မြန်မာနိုင်ငံဈေးကွက်အတွင်း အခြားမည်သူကိုမျှ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချမှုမပြုစေရန် ထာဝရတားမြစ်မိန့် ရလိုကြောင်း စွဲဆိုသည့်အခါမှ စာရွက်စာတမ်းများ စစ်ဆေးကြည့်ရှုခွင့် ရသဖြင့် မှတ်ပုံတင်စာချုပ်အမှတ် ၄/၇၇၄၁ ရှိသည်ကို ၁၂-၆-၂၀၁၅ နေ့က သိရှိခဲ့ရပါကြောင်း၊ ယင်းစာချုပ်သည် တရားလို၏ ပိုင်ဆိုင်မှုအခွင့်အရေးကို ထိပါးလာသဖြင့် ပယ်ဖျက်ပေးရန် လိုအပ်သကဲ့သို့ LOANE ကုန်အမှတ်တံဆိပ်ဖြင့် ပြန်လည်ကြိုးပမ်း ဆောင်ရွက်ရမည်ဖြစ်၍ အမေရိကန်ဒေါ်လာ(၁၄)သန်း၏ (၂၅) ရာခိုင်နှုန်းဖြစ်သော အမေရိကန်ဒေါ်လာ(၃၅)သိန်း ရထိုက်ကြောင်း အဆိုပြုသည်။

တရားပြိုင်က ချေလွှာတွင် S.C Artistry Co.,Ltd. တွင် တရားလိုသည် ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်ကြောင်း၊ တရားပြိုင်သိပြီး အစုရှယ်ယာပိုင်ဆိုင်မှု အရေအတွက်ကို မသိပါကြောင်း၊ LOANE ကုန်အမှတ်တံဆိပ်သည် တရားလိုက အသုံးပြုနေသော ကုန်အမှတ်တံဆိပ်မဟုတ်ဘဲ S.C Artistry Co.,Ltd. က အလှကုန်ပစ္စည်းများထုတ်လုပ်ရာတွင် အသုံးပြုသော ကုန်အမှတ်တံဆိပ်ဖြစ်ပါကြောင်း၊ ယင်းကုန်အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်သော အလှကုန်ပစ္စည်းများကို ၁၉၉၅ ခုနှစ်ကတည်းက Grand Wynn Enterprise Limited သို့ မြန်မာနိုင်ငံအတွက် တရားဝင်ဖြန့်ဖြူးရောင်းချရေး ကိုယ်စားလှယ်လွှဲအပ်ခန့်ထားလျှက် တင်ပို့ရောင်းချ ဖြန့်ဖြူးစေခဲ့ခြင်းဖြစ်ပါကြောင်း၊ ထို့ပြင် ၂၀၀၅ ခုနှစ်၌ G.W.E LOANE ဟူသော ငါးပွင့်နှစ်ကောင်ရုပ်ပုံပါ ရွှေရောင်စတစ်ကာအဝိုင်းပါရှိသော LOANE အမှတ်တံဆိပ်အား မြန်မာနိုင်ငံဈေးကွက်အတွက် ရည်ရွယ်အသုံးပြုရန် သီးသန့်ထုတ်လုပ်ခွင့်ပြုကြောင်း ထောက်ခံချက်တစ်စောင်ကို S.C Artistry Co.,Ltd. ၏ မန်နေဂျင်းဒါရိုက်တာ မစ္စတာဝီချိုင်းတွမ်တန်ပွန်ဆိုသူက လက်မှတ်ရေးထိုးပေးခဲ့ပါကြောင်း၊ ယင်းသဘောတူ ထောက်ခံချက်အရ S.C Artistry Co.,Ltd. သည် G.W.E LOANE တံဆိပ်ဖြင့် အလှကုန်ပစ္စည်း ကုန်ကြမ်းများနှင့် ထုတ်လုပ်ပြီး အလှကုန်များကို Grand Wynn Enterprise Limited ၏ ကုမ္ပဏီခွဲတစ်ခုဖြစ်သော တရားပြိုင်ကုမ္ပဏီ Grand Wynn Manufacturing Ltd. အမည်ဖြင့် တင်သွင်းဝယ်ယူခွင့်ပြုခဲ့ပါကြောင်း၊ ၁၉၉၅ ခုနှစ်၊ ဩဂုတ်လ၊ (၂၂)ရက်စွဲဖြင့် ချုပ်ဆိုထားသော (Contract of Business Agency)စာချုပ်သည် တရားလိုက အချင်းဖြစ်ကုန်အမှတ်တံဆိပ်၏ ပိုင်ရှင်အဖြစ် လူပုဂ္ဂိုလ်အရ လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သည့် စာချုပ်မဟုတ်ပါကြောင်း၊ S.C Artistry Co.,Ltd. နှင့် Grand Wynn Enterprise Limited ကုမ္ပဏီအချင်းချင်း ချုပ်ဆိုသော စာချုပ်ဖြစ်ပါကြောင်း၊ ယင်းစာချုပ်ကို အကြောင်းပြု၍ တရားပြိုင်ကုမ္ပဏီအမည်ဖြင့် လည်းကောင်း၊ ကုမ္ပဏီခွဲတစ်ခုဖြစ်သောGrand Wynn Enterprise Limited အမည်ဖြင့်လည်းကောင်း၊ LOANE ကုန်အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်ထားသော အလှကုန်ပစ္စည်းများနှင့် ကုန်ကြမ်း(အရည်)များကို မြန်မာနိုင်ငံဈေးကွက်အတွက် တင်သွင်းပြီး ထုတ်ပိုးဖြန့်ဖြူးရောင်းချမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ အချင်းဖြစ် ကုန်အမှတ်တံဆိပ်အား မှတ်ပုံတင်သွင်းရာတွင် ကုန်အမှတ်တံဆိပ်တစ်ခုအား ပိုင်ဆိုင်မှုရရှိစေရန် အခွင့်အရေးသည် ကုန်အမှတ်တံဆိပ်အား မှတ်ပုံတင်ခြင်းဖြင့် မရရှိနိုင်ပါ။ ယင်းကုန်အမှတ်တံဆိပ်အား အသုံးပြုခြင်းဖြင့်သာ ရရှိနိုင်ပါကြောင်း၊ တရားလိုသည် အချင်းဖြစ် ကုန်အမှတ်တံဆိပ်ကို လူပုဂ္ဂိုလ်အရ အသုံးပြုသူမဟုတ်ပါကြောင်း၊S.C Artistry Co.,Ltd. က ထုတ်လုပ်သော အလှကုန်ပစ္စည်းများကို မြန်မာနိုင်ငံဈေးကွက်၌ စတင်ဈေးကွက်ထိုးဖေါက် တင်သွင်းရောင်းချသူသည် တရားပြိုင်နှင့် တရားပြိုင်၏ကုမ္ပဏီခွဲဖြစ်သော Grand Wynn Enterprise Limited ဖြစ်ပါကြောင်း၊ ၂၀၀၅ ခုနှစ်နောက်ပိုင်းတွင် S.C Artistry Co.,Ltd. ၏ သဘောတူခွင့်ပြုချက်အရ ယခုအမှုဖြစ်ပွားသည့် အချိန်အထိ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ S.C Artistry Co.,Ltd. နှင့် တရားပြိုင်ကုမ္ပဏီ၏ ကုမ္ပဏီခွဲဖြစ်သော

တာဝန်ခံမိတ္တူမှန်သည်
စစ်ဆေးပြီး မှန်ကန်ကြောင်း
တာဝန်ယူသည်။

အခွင့်ရအရာရှိ
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

Grand Wynn Enterprise Limited ကိုယ်စား မန်နေဂျင်းဒါရိုက်တာ ဦးလှဝင်းတို့အကြား တရားဝင် လက်မှတ်ရေးထိုး ချုပ်ဆိုထားသော ၂၂-၈-၁၉၉၅ ရက်စွဲပါ စာချုပ်တစ်စောင်သာဖြစ်ပြီး ယင်းစာချုပ်အား ပယ်ဖျက်လွမ်းမိုးရာရောက်သော မည်သည့်သဘောတူစာချုပ် တစ်စုံတစ်ရာကိုမျှ မရှိပါကြောင်း၊ ဆိုလွှာဖော်ပြပါ ၆-၉-၁၉၉၉ ရက်စွဲပါစာချုပ်၊ ၁၀-၇-၂၀၀၈ ရက်စွဲပါစာချုပ်၊ ၅-၁-၂၀၁၁ ရက်စွဲပါစာချုပ်များမှာ မန်နေဂျင်းဒါရိုက်တာ ဦးလှဝင်းက တရားဝင် လက်မှတ်ရေးထိုးဘူးခြင်း အလျဉ်းမရှိဘဲ S.C Artistry Co.,Ltd. က စာချုပ်မူကြမ်းများ ပေးပို့ခဲ့ဘူးသော စာချုပ်များဖြစ်ပါကြောင်း၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတော်၌ ၁-၁၁-၂၀၀၆ ရက်နေ့စွဲဖြင့် မှတ်ပုံတင်သွင်းထားသော G.W.E LOANE အမှတ်တံဆိပ်သည် တရားလိုက ပုဂ္ဂိုလ်အရ ပိုင်ဆိုင်ခြင်းမဟုတ်ပါကြောင်း၊ Grand Wynn Enterprise Limited နှင့် Grand Wynn Manufacturing Ltd. တို့မှာ လုပ်ငန်းသဘာဝအရ သက်ဆိုင်ရာမှ ညွှန်ကြားချက်နှင့် အညီ သီးခြားစီရှိနေသော်လည်း အစုရှယ်ယာဝင် ဒါရိုက်တာအဖွဲ့ ဝန်ထမ်းများအပါအဝင် စီမံခန့်ခွဲမှုအရပ်ရပ်ကို ကုမ္ပဏီတစ်ရပ်တည်းဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ S.C Artistry Co.,Ltd. သည် တရားပြိုင် ဆောင်ရွက်မှုတို့အပေါ် အလုံးစုံသိရှိခဲ့ပြီးဖြစ်သော်လည်း ကန့်ကွက်မှုမပြုခဲ့သည့်အပြင် တရားပြိုင်မှ ကုန်ပစ္စည်းများတင်ပို့ပေးရန် ငွေလွှဲပြီးသည့်တိုင်အောင် S.C Artistry Co.,Ltd. က ပစ္စည်းပေးပို့မှုမရှိခြင်းကြောင့် တရားမကြီးမှုအမှတ် ၆၇/၂၀၁၄ ကို စွဲဆိုခဲ့ရပါကြောင်း၊ တရားလိုသည် ကုန်အမှတ်တံဆိပ် ပိုင်ဆိုင်သူအဖြစ် ယခုအမှုစွဲဆိုရန် အခွင့်အရေးမရှိပါကြောင်း၊ အထူးအားဖြင့် LOANE ကုန်အမှတ်တံဆိပ် မှတ်ပုံတင်စာချုပ်အား ပယ်ဖျက်ပေးစေရန် အနောက်ပိုင်းခရိုင်တရားရုံး၌ တရားမကြီးမှုအမှတ် ၁၈၆/၂၀၁၄ အမှုစွဲဆိုရာတွင် သက်သာခွင့်တစ်ပေါင်းတည်း မတောင်းဆိုဘဲ ချန်လှပ်ခဲ့ခြင်းကြောင့် အမှုစွဲဆိုခွင့် ပိတ်ပင်ပြီးဖြစ်ပါကြောင်း၊ ၎င်းပြင် ၁-၁၁-၂၀၀၆ နေ့စွဲပါ မှတ်ပုံတင်စာချုပ်အမှတ် ၄/၇၇၄၁ သည် G.W.E LOANE ကုန်အမှတ်တံဆိပ် မှတ်ပုံတင်ဖြစ်ပြီး၊ LOANE ကုန်အမှတ်တံဆိပ် မဟုတ်သောကြောင့် ယခုအမှုအား စွဲဆိုရန်အကြောင်း မပေါ်ပေါက်ပါကြောင်း၊ စွဲဆိုမှုမှာ ကာလစည်းကမ်းသတ် များစွာကျော်လွန်နေကြောင်း ချေပသည်။

တာဝန်ခံမိတ္တူမှန် စစ်ဆေးပြီးမှန်ကန်ကြောင်း တာဝန်ယူသည်။

**ပဏာမငြင်းချက်(၁)**

တရားလိုအဆိုပြုစွဲဆိုသည်မှာ တရားပြိုင်ကုမ္ပဏီက မှတ်ပုံတင်ထားသော ၁-၁၁-၂၀၀၆ ရက်စွဲပါ မှတ်ပုံတင်စာချုပ်အမှတ် ၄/၇၇၄၁ ကို ပယ်ဖျက်ပေးစေလိုမှုနှင့် နစ်နာကြေးငွေရလိုမှုဖြစ်သည်။ ယင်းမှတ်ပုံတင်စာချုပ်ကို ပယ်ဖျက်ပေးစေလိုကြောင်း စွဲဆိုမှုသည် ကာလစည်းကမ်းသတ် ကျော်လွန်ခြင်းရှိ/မရှိနှင့် စပ်လျဉ်း၍ နှစ်ဖက်လျှောက်လဲတင်ပြရာ၌ တရားလိုဘက်မှ ကုန်အမှတ်တံဆိပ်ကို မြန်မာနိုင်ငံတွင် မှတ်ပုံတင်သွင်းခြင်းအား ထိုင်းနိုင်ငံတွင် အခြေချနေထိုင်သူ တရားလိုအနေဖြင့် သိရှိနိုင်ခဲ့ခြင်းမရှိကြောင်း၊ ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ(၃)၏ ရှင်းလင်းချက်(၁)အရ မှတ်ပုံတင်ခြင်းသည် ကြားသိခြင်းဖြစ်သည်ဆိုသော ဥပဒေသမှာ မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့်သာ အကျုံးဝင်သက်ဆိုင်ကြောင်း တင်ပြပြီး၊ တရားပြိုင်ဘက်မှ တရားလိုအပေါ် တရားမကြီးမှုအမှတ် ၆၇/၂၀၁၄ အဖြစ် စွဲဆိုသည့်အခါ စာရွက်စာတမ်းများ ကြည့်ရှုစစ်ဆေးခွင့်ရရှိသော ၁၂-၆-၂၀၁၅ နေ့တွင်မှသိရှိပြီး ၁၆-၃-၂၀၁၆ ရက်နေ့တွင်စွဲဆိုခြင်းဖြစ်သောကြောင့် ကာလစည်းကမ်းသတ်ကျော်လွန်မှုမရှိသေးကြောင်း တင်ပြသည်။

တရားပြိုင်ဘက်မှ တရားလို၏ S.C Artistry Co.,Ltd. နှင့် တရားပြိုင်တို့ ဆက်သွယ်လုပ်ကိုင်ခဲ့ကြကြောင်း၊ တရားမကြီးမှုအမှတ် ၁၈၆/၂၀၁၄ အဖြစ် စွဲဆိုစဉ်ကတည်းက တရားလိုသည် အဆိုပါ မှတ်ပုံတင်စာချုပ် ၄/၇၇၄၁ ကို ပယ်ဖျက်ပေးပါရန် တောင်းဆိုရမည်ဖြစ်ပါကြောင်း၊ မှတ်ပုံတင်သွင်းခြင်းသည် လူအများကို ကြားသိစေခြင်းဖြစ်သဖြင့် တရားဝင်မှတ်ပုံတင်သွင်းထားသော ၁-၁၁-၂၀၀၆ နေ့မှ စတင် ရေတွက်လျှင် ကာလစည်းကမ်းသတ်ဥပဒေ ပထမဇယားအပိုဒ်(၉၁)အရ (၃)နှစ်အတွင်းစွဲဆိုရမည်ကို များစွာကျော်လွန်နေပြီဖြစ်ကြောင်း လျှောက်လဲတင်ပြထားသည်။

အခွင့်ရအာရုရှိ
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

ပစ္စည်းလွှဲပြောင်းခြင်းဥပဒေပုဒ်မ (၃)တွင် စကားရပ်များ အနက်အဓိပ္ပါယ်ဖွင့်ဆိုရာ၌ -

**'စာချုပ်စာတမ်း'** ဆိုသည်မှာ သေတမ်းစာမဟုတ်သည့် စာချုပ်စာတမ်းများကို ဆိုလိုသည်ဟု လည်းကောင်း၊

**'အကြောင်းခြင်းရာတစ်ခုကို' လူတစ်ဦးက 'သိရှိသည်' ဆိုသည်မှာ-**

ထိုသူသည် ထိုအကြောင်းခြင်းရာကို အမှန်သိလျှင် သော်လည်းကောင်း၊ စုံစမ်းမေးမြန်းရှာဖွေခြင်းပြုသင့်ပါလျက် မပြုဘဲ ဖွတ်ပျက်ကွက်ခြင်း သို့မဟုတ် လွန်စွာပေါ့လျော့ခြင်း မရှိပါက ကြားသိရမည်ဖြစ်လျှင် သော်လည်းကောင်း ကိုဆိုလိုသည်ဟု လည်းကောင်း၊

ရှင်းလင်းချက်(၁)တွင် - မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းနှင့်စပ်လျဉ်းသည့် ဆောင်ရွက်မှုသည် ဥပဒေအရ လိုအပ်သည့်အတိုင်း မှတ်ပုံတင်စာချုပ်စာတမ်းဖြင့် ပြုလုပ်ခဲ့ပါမူ ထိုပစ္စည်း သို့မဟုတ် ထိုပစ္စည်း၏ တစ်စိတ်တစ်ဒေသ သို့မဟုတ် အစု၊ သို့မဟုတ် အကျိုးစီးပွားကို ရယူသူသည် အဆိုပါစာချုပ်စာတမ်းကို မှတ်ပုံတင်သည့်နေ့မှစ၍ သော်လည်းကောင်း၊ ပစ္စည်းအားလုံးသည် နယ်မြေတစ်ခုတည်း၌ မတည်ရှိလျှင်ဖြစ်စေ၊ စာချုပ်စာတမ်းကို မှတ်ပုံတင်ဥပဒေ ပုဒ်မ(၃၀)၊ အပိုဒ်(၂)အရ မှတ်ပုံတင်ခဲ့လျှင်ဖြစ်စေ၊ ပစ္စည်းတစ်စိတ်တစ်ဒေသ သို့မဟုတ် အစု၊ သို့မဟုတ် အကျိုးစီးပွားကိုရယူသည့်နယ်မြေရှိ လက်ထောက် မှတ်ပုံတင်အရာရှိထံ၌ မှတ်ပုံတင်စာချုပ်၏ မှတ်တမ်းကို တင်သွင်းသည့် အစောဆုံးရက်မှစ၍ သော်လည်းကောင်း၊ သိရှိသည်ဟု မှတ်ယူရမည်ဟု လည်းကောင်း ဖော်ပြပြဌာန်းထားသည်။

ဘာဝန်ခံမိတ္တူမှန်
စစ်ဆေးပြီးမှန်ကန်ကြောင်း
တာဝန်ယူသည်။

သို့ဖြစ်၍ မှတ်ပုံတင်ထားသော စာချုပ်စာတမ်းနှင့် စပ်လျဉ်း၍ ပယ်ဖျက်ပေးစေလိုမှု စွဲဆိုလျှင် ကာလစည်းကမ်းသတ်ဥပဒေ ပထမဇယား အပိုဒ်(၉၁)အရ (၃)နှစ်အတွင်း စွဲဆိုရမည်ဖြစ်ပေသည်။ ယခု တရားလိုက ပယ်ဖျက်ပေးစေလိုကြောင်း အဆိုပြုသည့် တရားပြိုင်ကုမ္ပဏီက မှတ်ပုံတင်ထားသော စာချုပ်အမှတ် ၄/၇၇၄၁ သည် ၁-၁၁-၂၀၀၆ ရက်နေ့တွင် မှတ်ပုံတင်ထားခြင်း ဖြစ်သောကြောင့် ထိုနေ့မှ စတင်ရေတွက်လျှင် ယခုအမှုစွဲဆိုသော ၁၆-၃-၂၀၁၆ ရက်နေ့တွင် ကာလစည်းကမ်းသတ် များစွာကျော်လွန်နေပြီဖြစ်ကြောင်း မြင်သာပေသည်။

သို့ဖြစ်၍ ပဏာမငြင်းချက်(၁)အပေါ် တရားလိုစွဲဆိုမှုသည် ကာလစည်းကမ်းသတ် ကျော်လွန်နေပြီဖြစ်သည်မှာ မှန်ကြောင်း ဖြေဆိုလိုက်သည်။

ကာလစည်းကမ်းသတ် ကျော်လွန်စွဲဆိုလာသောအမှုအား ကာလစည်းကမ်းသတ်ဥပဒေ ပုဒ်မ(၃)အရ ပလပ်ရမည်ဖြစ်ပေရာ ကျန်ငြင်းချက်များအပေါ် ဖြေဆိုခြင်းပြုရန် မလိုတော့ပေ။

ထို့ကြောင့် တရားလိုစွဲဆိုသော ဤအမှုအား စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေစရိတ် ၃၀၀၀၀ိ/- သတ်မှတ်သည်။

(အေးသန်း)
တရားသူကြီး

အစွင့်ရအရာရှိ
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်